ADD YOUR VOICE TO THE CALL

LAMBETH CONFERENCE
God's Church for God's world

# LAMBETH နှိုးဆော်မှု သမ္မာကျမ်းစာလေ့လာခြင်း ဘာသာပေါင်းစုံဆက်ဆံရေး

## နိဒါန်း

ဤသမ္မာကျမ်းစာလေ့လာမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို Lambeth Conference နှင့် Lambeth နှိုးဆော်မှုများ၏ အဆင့် ၃ အစိတ်အပိုင်းအဖြစ် ပြင်ဆင်ထားပါသည်။ ဤသမ္မာကျမ်းစာလေ့လာမှုသည် ဘာသာပေါင်းစုံဆက်ဆံရေး Lambeth နှိုးဆော်မှု နှင့်ပတ်သက်ပါသည်။ ဤ Lambeth နှိုးဆော်မှုကို ဤနေရာတွင် ဖတ်ရှုနိုင်ပါသည်။

## ဤလေ့လာမှုကိုအသုံးပြုနည်း

'နှိုးဆော်မှုနှင့် တုံ့ပြန်မှု'— ကျမ်းစာလေ့လာမှုပုံစံ

Lambeth နှိုးဆော်မှုတစ်ခုစီကို အင်္ဂလီကန်သဟာယ - ဖိတ်ခေါ်သောတုံ့ပြန်မှု အတွက်ဆက်ကပ်ထားပါသည်။ သမ္မာကျမ်းစာလေ့လာမှုသည် 'နှိုးဆော်မှုနှင့် တုံ့ပြန်မှု' ပုံစံတစ်ခုအပေါ် အခြေခံထားသည်။ ဘာသာပေါင်းစုံဆက်ဆံရေးဆိုင်ရာ ဤသမ္မာကျမ်းစာလေ့လာမှုက သင့်ကို ဤအဆင့်သုံးဆင့် လုပ်ဆောင်ရန် ဖိတ်ခေါ်လိမ့်မည်-

**၁။ နှိုးဆော်သံကို ကြားပါ**

ဤ Lambeth နှိုးဆော်မှုကို ဖတ်ရှုပါ၊ အထူးသဖြင့် ကျွန်ုပ်တို့နေထိုင်သောအခြေအနေများ ပြောင်းလဲလာခြင်းနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများသည် လူနည်းစုအဖြစ် ရှိနေသောနိုင်ငံများတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ တိုးလာခြင်းအကြောင်း နှင့်ပတ်သက်သော ကတိသစ္စာပြုခြင်း (အပိုင်း ၃) ကိုဖတ်ပါ။ သတ်သတ်မှတ်မှတ်တောင်းဆိုမှုများ (အပိုင်း ၄) ကိုလည်း ဖတ်ရှု၍ နှလုံးသွင်းပေးပါ။

## ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ

ဤဖော်ညွှန်းချက်ကို အခြေပြုရန်နှင့် ပိုမိုသိကျွမ်းရန် သမ္မာကျမ်းစာကိုဖတ်ရှုပါ၊ အထူးသဖြင့်၊ သတင်းကောင်းကိုသက်သေခံသော အခြားသောဘာသာဝင် ရှမာရိအမျိုးသမီးတစ်ဦးနှင့် ယေရှု စကားပြောဆိုခြင်းကို ဖော်ပြထားသော ရှင်ယောဟန် အခန်းကြီး ၄ အခန်းငယ် ၁ မှ ၃၀ ထိကို ဖတ်ရှုပါ။ ဤကျမ်းပိုဒ်မှ အခြားသောဘာသာဝင်များနှင့် ကျွန်ုပ်တို့ပေါင်းသင်းဆက်ဆံပုံ နှင့်ပတ်သက်၍ မည်သည်ကို သင်ယူနိုင်မည်နည်း။

## ၃။ တုံ့ပြန်မှု ပြုလုပ်ပါ

ဤကျမ်းပိုဒ်မှ သင်ယူခဲ့သောအရာများအပေါ်အခြေခံ၍၊ သင်နှင့် သင်၏အသင်းတော်အသိုင်းအဝိုင်းသည် မိမိတို့နေထိုင်ရာဒေသအတွင်းရှိ အခြားသောဘာသာဝင်များထံသို့ မည်သို့ ဆက်သွယ်ထိတွေ့နိုင်မည်ကို ဆွေးနွေးပါ။

# စတင်လိုက်ပါ

## ၁။ နှိုးဆော်သံကို ကြားပါ (၁၅ မိနစ်)

ဘာသာပေါင်းစုံဆက်ဆံရေးဆိုင်ရာ Lambeth နှိုးဆော်မှုကို ဖတ်ရှုပါ။ ဤ Lambeth နှိုးဆော်မှုကို [ဤနေရာတွင်](#) ဖတ်ရှုနိုင်သည်။

အထူးသဖြင့် ကျွန်ုပ်တို့နေထိုင်သောအခြေအနေများ ပြောင်းလဲလာခြင်းနှင့် ခရစ်ယာန်အသိုင်းအဝိုင်းများသည် လူနည်းစုအဖြစ် ရှိနေသောနိုင်ငံများတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ တိုးလာခြင်းအကြောင်း နှင့်ပတ်သက်သော ၎င်းကတိသစ္စာပြုခြင်း (အပိုင်း ၃) ကိုဆင်ခြင်စဉ်းစားပါ။
သတ်သတ်မှတ်မှတ်တောင်းဆိုချက်များ (အပိုင်း ၄)၊ အထူးသဖြင့် စကားဖြင့်သော်လည်းကောင်း ပုံသက်သေဖြင့်သော်လည်းကောင်း နှိမ့်ချသောဖေးမမှုဖြင့် အခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်သည့် အိမ်နီးများရှေ့တွင် သက်သေခံဖြစ်ရန် နှိုးဆော်ထားသော ပထမဆုံးတောင်းဆိုမှု (၄.၁) ကိုလည်း ဖတ်ရှုပါ။

- ဤအကြောင်းအရာက သင့်ကိုမည်သို့ တို့ထိသနည်း။
- သင်သည် မိမိစကားများ၊ လုပ်ရပ်များနှင့် အစေခံမှုများမှတစ်ဆင့် အခြားဘာသာဝင်များရှေ့၌ ယေရှုခရစ်၏အလင်းကို မည်သို့သက်သေပြခဲ့ဖူးပါသနည်း။
- ခရစ်ယာန်များသည် အနည်းစုအဖြစ် တည်ရှိသောပတ်ဝန်းကျင်အတွင်း သင်နေထိုင်ရပါက မည်သည့်ကန့်သတ်ချက်များနှင့် ဖိအားများကို ရင်ဆိုင်ရသနည်း။ ဤအခြေအနေ၌ပင်လျှင် မည်သည့်အခွင့်အလမ်းများရှိနေသေးပါသနည်း။

## ၂။ သမ္မာကျမ်းစာကို နာခံလိုက်လျှောက်ပါ ( ၂၅ မိနစ်)

ဤဖော်ညွှန်းချက်ကို လှုံ့ဆော်မှုပြုရန်နှင့် လမ်းညွှန်မှုပေးရန် သမ္မာကျမ်းစာကိုဖတ်ရှုပါ။ သတင်းကောင်းကိုသက်သေခံသော အခြားသောဘာသာဝင် ရှမာရိအမျိုးသမီးတစ်ဦးနှင့် ယေရှု စကားပြောဆိုခြင်းကို ဖော်ပြထားသော ရှင်ယောဟန် အခန်းကြီး ၄ အခန်းငယ် ၁ မှ ၃၀ ထိကို ဖတ်ရှုခြင်းအားဖြင့် အစပြုပါ။ ဤကျမ်းပိုဒ်မှ အခြားသောဘာသာဝင်များနှင့် ကျွန်ုပ်တို့ပေါင်းသင်းဆက်ဆံပုံနှင့်ပတ်သက်၍ မည်သည်ကိုသင်ယူနိုင်မည်နည်း။

ယုဒလူမျိုးများနှင့် ရှမာရိလူမျိုးများသည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်၊ မောရှေ နှင့် ထွက်မြောက်ရာကျမ်း အကြောင်းအရာတို့အပေါ် မူတည်ထားသော ယုံကြည်ခြင်းအမွေဆက်ခံမှုရှိကြသော်လည်း၊ (ခရစ်မတော်မီ) ၇၂၂ ဘီစီ တွင် အဆီးရီးယား အင်ပါယာက အစ္စရေးမြောက်ပိုင်းဒေသကို ကျူးကျော်၍ ၎င်း၏မြို့တော် ဆမားရီးယားကို ဖျက်ဆီးပြီးနောက်ပိုင်းမှ စတင်၍၊ ထိုဒေသသားများနှင့် ဂါလိလဲ ဣသရေလများနှင့် ယုဒလူမျိုးများသည် ယုံကြည်မှုနှင့် ယဉ်ကျေးမှုများ တဖြည်းဖြည်းကွဲပြားလာပြီး၊ သီးခြားသော ဘာသာရေးအလေ့အထများနှင့် ယဉ်ကျေးမှုများ ကျင့်သုံးလာခဲ့ကြသည်ကို သတိပြုရန် လွန်စွာအရေးကြီးပါသည်။ ထို့ပြင်၊ ယေရှုခရစ်တော်ခေတ်၌ ယုဒလူမျိုးများနှင့် ရှမာရိလူမျိုးများသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရန်လိုမုန်းတီးမှုများ ပို၍ရှိလာခဲ့ကြသည် (ရှင်လုကာ ၉:၅၁-၅၆ တွင် ယေရှုနှင့် တပည့်တော်များကို ရှမာရိရွာတစ်ရွာက ကြိုဆိုရန် ငြင်းပယ်ခဲ့သည့် ဥပမာကို ကြည့်ပါ)။

သတိပြုရမည်မှာ

- ယေရှုပင်ပန်းပြီး ရေဆာနေသောကြောင့် ယေရှုနှင့် ရှမာရိအမျိုးသမီးကြား စကားစမြည်ပြောဆိုမိတ်ဖွဲ့ခြင်း စတင်ခဲ့ခြင်းဖြစ်သည်။ သူမသည် ယေရှု၏အားနည်းမှုနှင့် လူသားလိုအပ်ချက်ကို သတိပြုမိပြီး၊ ထို့ကြောင့် သူနှင့် စကားစမြည်ပြောဆိုရန် ဆန္ဒရှိလာသည်။

- ထိုအမျိုးသမီးသည် နေ့လယ်ခင်း အပူဆုံးအချိန်၊ အခြားအမျိုးသမီးများ မရှိသည့်အချိန်တွင် ရေခပ်ရန်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဒါက သူမဟာ လူမှုအသိုင်းအဝိုင်းက ချန်ထားခံရသူ၊ အားနည်းထိခိုက်လွယ်သူတစ်ဦးဖြစ်ကြောင်းကို ပြသနေပါတယ်။
- ယဉ်ကျေးမှုအရ ယေရှုသည် ယုဒအမျိုးသားတစ်ဦးအနေဖြင့် ရှမာရိအမျိုးသမီးတစ်ဦးနှင့် စကားမပြောသင့်သော်လည်း ယေရှုသည် ဤယဉ်ကျေးမှုဆိုင်ရာ တားမြစ်ချက်ကို ချိုးဖောက်လိုစိတ်ရှိခဲ့သည်။  ယေရှု သူမအပေါ် ဩဇာအာဏာသုံး၍ မဟုတ်ဘဲ၊ မိမိအားနည်းနေသောအခြေအနေဖြင့် ဆက်သွယ်ခဲ့သောကြောင့် စကားပြောနိုင်ခဲ့ပါသည်။ သို့သော် သူမသည် ယုဒလူမျိုးတစ်ဦးဖြစ်တဲ့ယေရှုက သူမနှင့်စကားပြောခွင့်ရှိမရှိကို သံသယရှိနေဆဲပဲဖြစ်ပါတယ် (အပိုဒ်ငယ် ၉)။
- မိမိအားနည်းမှုအခြေအနေမှတစ်ဆင့် ယရှေုသည် သူမကို မျှဝေလိုသော အသက်ရေကို သက်သေခံနိုင်ခဲ့ပါသည် (အပိုဒ်ငယ် ၁၀)။
- ယေရှုသည် ယုဒလူမျိုးတစ်ဦးအနေဖြင့် ထိုရေတွင်းမှ ရေခပ်ခွင့်မရှိသော်ကြောင့် “ဘယ်လိုနည်းဖြင့် သူမကိုရေပေးမလဲ” ဟု ပြန်မေးခြင်းအားဖြင့် ထိုအမျိုးသမီးက သူမ၏ ဉာဏ်ပညာနှင့် စူးစမ်းလိုစိတ်ကို ဖော်ပြခဲ့ပါသည်။
- ယေရှုက ရုပ်ပိုင်းဆိုင်ရာရေကို ပြောဆိုနေခြင်းမှ သူပေးနိုင်သော ဝိညာဥ်သက်စမ်းရေသို့ အကြောင်းအရာပြောင်းသွား၍၊ ၎င်းကိုသူမက ရုပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သောရေဟု ထင်နေသေးသော်လည်း လက်ခံလိုစိတ်ဖြင့် ဝမ်းမြောက်စွာ တုံ့ပြန်ပါသည်။ ဤအရာသည် သူတို့နှစ်ဦးအကြား ယုံကြည်မှုရှိသောဆက်ဆံရေးတစ်ခု တဖြည်းဖြည်း တိုးတက်လာနေကြောင်း ဖော်ပြပါသည်။
- ထို့နောက် ယေရှုက စကားပြောဆိုမှုကို သူမ၏ ကိုယ်ရေးကိုယ်တာဘဝအခြေအနေနှင့် သူမအိမ်ထောင်အဆက်ဆက်ကျခဲ့သည့်အကြောင်းသို့ ပြောင်းလိုက်ပါတယ်။ သူမက နက်နဲသော ဘာသာရေးအမြင်နဲ့ စကားပြောမှုကို တစ်ဆင့်မြှင့်တင်လိုက်ပါတယ်။ သူမပြောတဲ့အကြောင်းက တကယ်တော့ မေးခွန်းတစ်ခုဖြစ်ပြီး၊ ရှမာရိလူမျိုးရဲ့ယုံကြည်မှုနဲ့ ယုဒလူမျိုးရဲ့ယုံကြည်မှုထဲမှာ ဘယ်ဟာကအမှန်လဲ ဆိုတာကို မေးတာဖြစ်တယ်။
- ဤအချက်က ရှမာရိလူမျိုးနှင့် ယုဒလူမျိုးတို့၏ ယုံကြည်မှုများကို ကျော်လွန်သည့် ယုံကြည်မှုအသစ်တစ်ခုနှင့်သက်ဆိုင်သော၊ သူမနှင့်အခြားသူများကို မျှဝေရန်သူရောက်ရှိလာသည့် အမှန်တရားအတွက် သက်သေခံရန် လမ်းဖွင့်ပေးပါသည်။
- ဒါကဤအမျိုးသမီးကို လောကသို့ကြွလာ၍ 'အလုံးစုံတို့' ကို ရှင်းလင်းဖော်ပြပေးမည့် မေရှိယအပေါ် သူမ၏ယုံကြည်မှုကို သက်သေခံဖို့ လမ်းဖွင့်ပေးပါသည် (အပိုဒ်ငယ် 25)။ အပြန်အလှန်အားဖြင့်၊ မိမိကိုယ်တိုင်က မေရှိယဖြစ်ကြောင်းကို သက်သေပြနိုင်ခွင့် ယေရှုရရှိခဲ့ပါသည် (အပိုဒ်ငယ် ၂၆)။

- အပြန်အလှန်အားနည်းမှု၊ ယုံကြည်မှုနှင့် မျှဝေမှု အပေါ်အခြေခံသော ဆက်ဆံရေးမှတစ်ဆင့်၊ ယေရှုအကြောင်းနှင့် ၎င်းသည် မေရှိယဖြစ်နိုင်သည့်အကြောင်းကို သူမ၏မြို့နှင့်လူမျိုးများဆီသို့ ပြန်၍ အံ့သြဖွယ်ရာ ဧဝံဂေလိတရားပြောကြားမှုလုပ်ဆောင်ခဲ့ပါသည်။

ဤကျမ်းပိုဒ်မှ အခြားသောဘာသာဝင်များနှင့် ကျွန်ုပ်တို့မည်သို့ပေါင်းသင်းဆက်ဆံလို့ရနိုင်မည့်အကြောင်းနှင့်ပတ်သက်၍ မည်သည်ကိုသင်ယူနိုင်မည်နည်း။

## ၃။ တုံ့ပြန်မှု ပြုလုပ်ပါ (မိနစ် ၂၀)

ရှင်ယောဟန်ခရစ်ဝင်ကျမ်းမှ ဤကျမ်းပိုဒ်က လူမျိုးဘာသာခြားနားသူများနှင့် ဆက်ဆံရေးတည်ဆောက်ဖို့အတွက် စတင်လုပ်ဆောင်ရန် မည်ကဲ့သို့ ကူညီလှုံ့ဆော်ပေးပါသနည်း။

ဤ Lambeth နှိုးဆော်မှု၊ အထူးသဖြင့် စကားဖြင့်သော်လည်းကောင်း ပုံသက်သေဖြင့်သော်လည်းကောင်း နှိမ့်ချသောဖေးမမှုဖြင့် အခြားသော ယုံကြည်မှုများအတိုင်း လိုက်လျှောက်သည့်အိမ်နီးချင်းများရှေ့တွင် သက်သေခံဖြစ်ရန် နှိုးဆော်ထားသော ပထမဆုံးတောင်းဆိုမှု (၄.၁) ကို သင်နှင့်သင့်အသင်းတော်အသိုင်းအဝိုင်းက မည်ကဲ့သို့တုံ့ပြန်မှုပြုနိုင်မည်နည်း။

ဤအရာဖြစ်ပေါ်လာရန် သင်မည်သို့ကူညီပေးနိုင်သနည်း။ မည်သည့်အရာများလိုအပ်သနည်း။

'ရာသီဥတုပြောင်းလဲမှုနှင့်ကျွန်ုပ်တို့ မျှဝေနေထိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြားသော အခက်အခဲများကို ဖြေရှင်းရန်၊ ဆင်းရဲမွဲတေမှု လျှော့ချရန်နှင့် ထိခိုက်လွယ် ပုဂ္ဂိုလ်များအတွက် ဂရုစိုက် စောင့်ရှောက်မှုပေးရန်အလို့ငှာ ပိုမိုထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ မည်သို့လုပ်ဆောင် နိုင်မည်ကို စူးစမ်းဆွေးနွေးရာ၌ ကျွန်ုပ်တို့နှင့် အတူတကွ ပါဝင်ဆောင်ရွက်ရန် အခြားသော ယုံကြည်ကိုးကွယ်မှု အသိုက်အဝန်းများမှ ခေါင်းဆောင်များကို ဖိတ်ခေါ်နှိုးဆော်ပါသည်' ဟူသော တတိယမြောက် သတ်သတ်မှတ်မှတ်နှိုးဆော်မှု (၄.၃) ကို သင်မည်ကဲ့သို့ တုံ့ပြန်မှုပြုနိုင်မည်နည်း။

ဆဋ္ဌမမြောက် သတ်သတ်မှတ်မှတ်နှိုးဆော်မှု ဖြစ်သော 'ဖိနှိပ်ညှဉ်းပန်းခံရသည့် အသင်းတော်သည် ကဲ့ရဲ့ခြင်းကို ကြုံတွေ့ရစဉ်မှာပင် မျက်မှောက်တော်ကို သိမ်မွေ့စွာ ဝန်ခံနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းနှင့် အိမ်နီးချင်းများဖြစ်သည့် အခြားသော ကိုးကွယ်ယုံကြည်မှုများနှင့် ခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်နိုင်ရန် ရန်းကန်ကြိုးပမ်းခြင်းအတွက် အစဉ်မပြတ် သတိရဆုတောင်းပေးရန် ခရစ်တော်၏

နောက်လိုက်တပည့်တော်များ အားလုံးကို တိုက်တွန်း နှိုးဆော်ပါသည်' ကို သင်မည်ကဲ့သို့ တုံ့ပြန်မှုပြုလုပ်နိုင်မည်နည်း။

ဤအရာများကို ရှေ့ဆက်လုပ်ဆောင်ရန် မည်သည့်လုပ်ဆောင်မှု ရိုးရှင်းသော အဆင့်များကို သင်နှင့်သင့်အသင်းတော် အသိုက်အဝန်း လုပ်ဆောင်နိုင်ပါသလဲ။

## နိဂုံးချုပ်ဆုတောင်း

အို လူအားလုံးတို့၏ ဘုရားသခင်၊ အခြားသောယုံကြည်မှုဓလေ့ထုံးတမ်းများကို နားလည်ရန် ကျွန်ုပ်တို့၏နှလုံးသားတံခါးကို ဖွင့်ပေးတော်မူပါ။ ကျွန်ုပ်တို့အားလုံးသည် သခင့်၏ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခြင်းခံရ၍ အလိုတော်ကို သိရှိနားလည်လိုက်လျှောက်၍၊ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် သခင့်၏သန့်ရှင်းသောမျက်မှောက်တော်၌ အသုံးတော်ခံများဖြစ်လိုကြပါသည်။ မတူညီသောယုံကြည်မှုဓလေ့ရှိသည့် ကျွန်ုပ်တို့နှင့် ကွဲပြားမှုရှိသောသူများကို နားလည်လက်ခံနိုင်ကြပါစေ။ ကျွန်ုပ်တို့သည် သခင့်စကားတော်၏အမှန်တရားကို သိရှိရန် ကြိုးစား၍ ယုံကြည်မှုဓလေ့အမျိုးမျိုးအကြား တူညီမှုရှိသောအရာများကို တွေ့ရှိအောင်ကြိုးစားပြီး လူသားအဖြစ် တူညီမှုရှိကြောင်းကို အသိအမှတ်ပြုနိုင်ကြပါစေ။ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်နိုင်သောလမ်းကို ဖြစ်ပေါ်စေသော သနားခြင်းဂရုဏာနှင့် နားလည်မှုပြည့်ဝသောသူများ ဖြစ်ရန် ကူညီမစတော်မူပါ။ အာမင်။

*(Dominican Sisters of Peace အားဖြင့် ဝေမျှသည်)။*